MOPF
Ministry of Planning and Finance

# အထူးကုန်စည်ခွန် ပေးဆောင်ရန် တာဝန်ရှိသည့်လုပ်ငန်းရှင်များအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

## ရည်ရွယ်ချက်

❖ အခွန်ထမ်းပြည်သူများအနေဖြင့် မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် အထူးကုန်စည်ခွန် ထမ်းဆောင်ရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်များနှင့် လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို ရှင်းလင်းစွာသိရှိနိုင်စေရန် ရည်ရွယ်ပါသည်။

## အထူးကုန်စည်ခွန် ကျသင့်စေခြင်း

❖ အောက်ဖော်ပြပါ ဆောင်ရွက်မှုများသည် အထူးကုန်စည်ခွန် ကျသင့်မည်ဖြစ်ပါသည်-

- ➢ အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းခြင်း၊
- ➢ အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊
- ➢ အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ခြင်း။

## လုပ်ငန်းအမျိုးအစားအလိုက် အထူးကုန်စည်ခွန် ပေးဆောင်ရန် တာဝန်ရှိသူများ

❖ အောက်ဖော်ပြပါ လုပ်ငန်းအမျိုးအစားတစ်ခုခုကို ဆောင်ရွက်ပါက အထူးကုန်စည်ခွန် ပေးဆောင်ရန် တာဝန်ရှိပါသည်-

- ➢ ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်ပါက တင်သွင်းသူက ပေးဆောင်ရမည်ဖြစ်ပါသည်၊
- ➢ ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက ထုတ်လုပ်သူက ပေးဆောင်ရမည်ဖြစ်ပါသည်၊
- ➢ ပြည်ပသို့ တင်ပို့ခြင်းဖြစ်ပါက တင်ပို့သူက ပေးဆောင်ရမည်ဖြစ်ပါသည်၊
- ➢ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ထားရှိခြင်းဖြစ်ပါက လက်ဝယ် ထားရှိသူက ပေးဆောင်ရမည်ဖြစ်ပါသည်။

## အခွန်ကျသင့်သည့် အထူးကုန်စည်အမျိုးအစားများနှင့် ကျသင့်သည့်အခွန်နှုန်းများ

❖ ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်းချက်အရ ထုတ်လုပ်သူနှင့် တင်သွင်းသူများ အတွက် အခွန်ကျသင့်သည့် အထူးကုန်စည်အမျိုးအစားများနှင့် ကျသင့်သည့်အခွန်နှုန်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၈၀၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၄ ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၈၀၁ ကျပ်မှ ကျပ် ၁၁၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၂၇ ကျပ် |

| | | | |
|---|---|---|---|
| | (ဂ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၁၁၀၁ ကျပ်နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၃၀ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ ရာခိုင်နှုန်း |
| ၃ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | | ၆၀ ရာခိုင်နှုန်း |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၂ ကျပ် |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ ရာခိုင်နှုန်း |
| ၆ | ဆေးတံသောက်ဆေးများ။ | | ၈၀ ရာခိုင်နှုန်း |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ ရာခိုင်နှုန်း |
| ၈ | (က) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၀၀ ကျပ်မှ ကျပ် ၂၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၁ ကျပ် |
| | (ခ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၀၁ ကျပ်မှ ကျပ် ၄၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၈၆ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၂၀၁ ကျပ်မှ ကျပ် ၆၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၁၇၂ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၆၀၁ ကျပ်မှ ကျပ် ၈၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၆၄၆ ကျပ် |
| | (င) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၈၈၀၁ ကျပ်မှ ကျပ် ၁၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၃၈ ကျပ် |
| | (စ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၁၀၀၁ ကျပ်မှ ကျပ် ၁၃၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၃၂ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၂၀၁ ကျပ်မှ ကျပ် ၁၅၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၁၂၅ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၄၀၁ ကျပ်မှ ကျပ် ၁၇၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၆၁၉ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၇၆၀၁ ကျပ်မှ ကျပ် ၁၉၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၁၁၃ ကျပ် |
| | (ည) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၉၈၀၁ ကျပ်မှ ကျပ် ၂၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၆၀၇ ကျပ် |
| | (ဋ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၀၀၁ ကျပ်မှ ကျပ် ၂၄၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၁၀၁ ကျပ် |

| | | | |
|---|---|---|---|
| | (ဌ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၄၂၀၁ ကျပ်မှ ကျပ် ၂၆၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၇၉၉ ကျပ် |
| | (ဍ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၆၄၀၁ ကျပ်မှ ကျပ် ၂၈၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၃၂၀ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၈၆၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀ ရာခိုင်နှုန်း |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ ရာခိုင်နှုန်း |
| ၁၀ | (က) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၀ ကျပ် |
| | (ခ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၀၀၁ ကျပ်မှ ကျပ် ၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၁၀ ကျပ် |
| | (ဂ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၅၀၁ ကျပ်မှ ကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၁၀ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၅၀၀၁ ကျပ်မှ ကျပ် ၆၅၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၁၄၇ ကျပ် |
| | (င) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၅၀၁ ကျပ်မှ ကျပ် ၈၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၆၃၅ ကျပ် |
| | (စ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၈၀၀၁ ကျပ်မှ ကျပ် ၁၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၀၈၅ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၀၁ ကျပ်မှ ကျပ် ၁၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၅၂၀ ကျပ် |
| | (ဇ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၂၀၀၁ ကျပ်မှ ကျပ် ၁၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၉၈၅ ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၄၀၀၁ ကျပ်မှ ကျပ် ၁၇၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၄၃၅ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၇၅၀၁ ကျပ်မှ ကျပ် ၂၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၆၀ ကျပ် |
| | (ဋ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၁၀၀၁ ကျပ်မှ ကျပ် ၂၄၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၆၀ ကျပ် |
| | (ဌ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၄၅၀၁ ကျပ်မှ ကျပ် ၂၈၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၁၆၀ ကျပ် |

| | | | |
|---|---|---|---|
| | (ဍ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၈၆၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း |
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ။ | | ၅ ရာခိုင်နှုန်း |
| ၁၂ | Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများနှင့် ဘက်ထရီ လျှပ်စစ်ကား [Battery Electric Vehicle (BEV)] များမှအပ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | (က) ၁၅၀၁ CC မှ ၂၀၀၀ CC အထိ<br><br>( ခ ) ၂၀၀၁ CC မှ ၄၀၀၀ CC အထိ<br><br>( ဂ ) ၄၀၀၁ CC နှင့် အထက် | ၁၀ ရာခိုင်နှုန်း<br><br>၃၀ ရာခိုင်နှုန်း<br><br>၅၀ ရာခိုင်နှုန်း |
| ၁၃ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ ရာခိုင်နှုန်း |
| ၁၄ | သဘာဝဓာတ်ငွေ့။ | | ၈ ရာခိုင်နှုန်း |

❖ အောက်ပါအထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်မည်ဖြစ်ပါသည်။ ဖော်ပြပါ အထူးကုန်စည်များမှ တစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန် ကျသင့်မည်မဟုတ်ပါ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကိုဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည်ဖြစ်ပါသည်-

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သစ်လုံး၊ သစ်ခွဲသားများ။ | ၁၀ ရာခိုင်နှုန်း |

**အထူးကုန်စည်ခွန် မှတ်ပုံတင်ခြင်း**

❖ အထူးကုန်စည် တင်သွင်းသူ၊ ထုတ်လုပ်သူ၊ တင်ပို့သူများသည် လုပ်ငန်းမှတ်ပုံတင်ခြင်း သို့မဟုတ် သက်တမ်းတိုးလျှောက်ထားခြင်းကို ဆောင်ရွက်ရာတွင် သတ်မှတ်ပုံစံ ပတခ(အထခ)-၀၁-၀၁ ပုံစံဖြင့် အောက်ဖော်ပြပါ ကာလအတွင်းတွင် လျှောက်လွှာတင်သွင်းရမည်ဖြစ်ပါသည်-

- ➢ ဘဏ္ဍာရေးနှစ်အလိုက် သက်တမ်းတိုးခြင်းဖြစ်ပါက ယင်းဘဏ္ဍာနှစ်မစတင်မီ သုံးလ၊
- ➢ အခြားသောကိစ္စရပ်များအတွက် လုပ်ငန်းစတင်သည့်နေ့မတိုင်မီ သုံးလ။

❖ အထူးကုန်စည် ထုတ်လုပ်ခြင်းအတွက် မှတ်ပုံတင်ထားသည့် လုပ်ငန်းရှင်အနေဖြင့် ပြည်တွင်းသို့ ကုန်စည်တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းများ ပူးတွဲလုပ်ကိုင်ပါက အထူးကုန်စည်ခွန် လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်အမှတ်အသစ်တစ်ခု ထပ်မံလျှောက်ထားရန် မလိုအပ်ပါ။

**အထူးကုန်စည်ခွန် မှတ်ပုံတင်ရာတွင် တင်ပြရန် လိုအပ်သည့် အထောက်အထားများ**

❖ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်တွင်း၌ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းအတွက် လုပ်ငန်းမှတ်ပုံတင်ရန် သို့မဟုတ် သက်တမ်းတိုးရန်အတွက် လျှောက်လွှာ ပတခ(အထခ)-၀၁-၀၁ ပုံစံနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်ဖြစ်ပါသည်-

- ➢ ခွင့်ပြုချက်လျှောက်ထားသည့် အထူးကုန်စည်ထုတ်လုပ်မည့် လုပ်ငန်းဥပစာနေရာ သို့မဟုတ် လိပ်စာအပြည့်အစုံ၊
- ➢ အထူးကုန်စည်များကို ထုတ်လုပ်သူ သို့မဟုတ် အထူးကုန်စည်များကို ထုတ်လုပ်သည့်နေရာရှိ တာဝန်ရှိပုဂ္ဂိုလ်၊
- ➢ အထူးကုန်စည်များကို ထုတ်လုပ်သည့်နေရာရှိ ဝန်ထမ်းအရေအတွက်၊
- ➢ ထုတ်လုပ်မည့် အထူးကုန်စည်အမျိုးအစား၊
- ➢ မှတ်ပုံတင်ထားသော ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ခွင့်ပြုချက်လျှောက်ထားသော လုပ်ငန်းဥပစာတစ်ခုစီ၌ ထုတ်လုပ်မည့် အထူးကုန်စည်အမျိုးအစားတစ်ခုချင်းစီ၏ ပမာဏနှင့်တန်ဖိုး၊
- ➢ ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုချက်လျှောက်ထားသည့် အဆောက်အဦ၊ မြေအကျယ်အဝန်းနှင့် နယ်နိမိတ်၊
- ➢ အဆောက်အဦအတွင်းပိုင်းပုံစံ၊
- ➢ ခြံစည်းရိုးနှင့် အကာအရံအမျိုးအစား၊
- ➢ သီးခြားသတ်မှတ်ထားသောနေရာများဖြစ်ပါက-
  - ★ လုပ်ငန်းဥပစာအတွင်း ထုတ်လုပ်မှုတွင် အသုံးပြုမည့်ကုန်ကြမ်း သို့မဟုတ် အခြားကုန်စည်များ၊ ကုန်ချောများနှင့် စွန့်ပစ်ပစ္စည်းများ ထားရှိရန်နေရာ၊
  - ★ အထူးကုန်စည်ထုတ်လုပ်ရန်အတွက်သာ အသုံးပြုမည့်နေရာများ။

**အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း**

❖ အောက်ပါအထူးကုန်စည်များကို အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရမည့် အထူးကုန်စည်များအဖြစ် ထုတ်ပြန်သတ်မှတ်ထားပါသည်-

- ➢ စီးကရက်အမျိုးမျိုး၊
- ➢ ဆေးပေါ့လိပ်အမျိုးမျိုး၊
- ➢ ဆေးပြင်းလိပ်အမျိုးမျိုး၊
- ➢ အရက်အမျိုးမျိုး၊
- ➢ ဝိုင်အမျိုးမျိုး။

❖ လုပ်ငန်းမှတ်ပုံတင်ရရှိသူသည် အခွန်အမှတ်တံဆိပ်များကို ကပ်နှိပ်ရာတွင် အောက်ဖော်ပြပါ ကာလများ မတိုင်မီ ကပ်နှိပ်ရမည်ဖြစ်ပါသည်-

- ➢ လုပ်ငန်းဥပစာမှ အထူးကုန်စည်များကို ရွှေ့ပြောင်းခြင်း၊

- ➢ တင်သွင်းလာသော ကုန်စည်များကို အကောက်ခွန်သိုလှောင်ရုံမှ ရွေးယူခြင်း၊ ထုတ်ယူခြင်း၊ ရွှေ့ပြောင်းခြင်း၊
- ➢ လုပ်ငန်းဥပစာတွင် သိုလှောင်ထားသည့် အထူးကုန်စည်များကို လုပ်ငန်းမှတ်ပုံတင်ထားသော ထုတ်လုပ်သူက ရောင်းချခြင်း၊
- ➢ အခွန်ကျသင့်သော ပို့ကုန်များကို ပြည်ပသို့တင်ပို့ခြင်း။

❖ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်နှင့်စပ်လျဉ်း၍ အခွန်အမှတ်တံဆိပ်ကို မှန်ကန်စွာကပ်နှိပ်မထားခြင်း သို့မဟုတ် လွဲမှားစွာအသုံးပြုထားခြင်းဖြစ်ပါက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်သည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

**ကြေညာလွှာတင်သွင်းခြင်း**

❖ အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်သူ သို့မဟုတ် ပြည်ပသို့တင်ပို့သူသည် ကျသင့်သောအခွန်ကို ပေးဆောင်ရမည့်အပြင် အထူးကုန်စည်ကို ထုတ်လုပ်ရောင်းချခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းအတွက် သုံးလပတ်ကြေညာလွှာ ပတခ(အထခ)-၀၃-၀၁ ပုံစံကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး ၁၀ ရက်အတွင်း မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်ဖြစ်ပါသည်။

❖ အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်တွင်းသို့တင်သွင်းသူသည် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ယူခြင်းမပြုမီ ပြည်တွင်းသို့တင်သွင်းသည့် အထူးကုန်စည်စာရင်းကို ပတခ(အထခ)-၀၃-၀၆ ပုံစံဖြင့် အကောက်ခွန်ဦးစီးဌာနသို့ တင်သွင်းရမည်ဖြစ်ပါသည်။

**အထူးကုန်စည်ခွန် တွက်ချက်ခြင်း**

❖ ကျသင့်အထူးကုန်စည်ခွန်ကိုတွက်ချက်ရာတွင် အောက်ပါတန်ဖိုးများအပေါ် အခြေပြုတွက်ချက်ရမည် ဖြစ်ပါသည်-

- ➢ ပြည်တွင်းသို့ တင်သွင်းသည့် အထူးကုန်စည်ဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုး၊
- ➢ ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည်များအတွက်-
    - ★ ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်သည့် အထူးကုန်စည်ဖြစ်ပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ညွှန်ကြား ရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီတို့က အတည်ပြု သတ်မှတ်ပေးသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး၊
    - ★ ကျန်အထူးကုန်စည်ဖြစ်ပါက ထုတ်လုပ်သူက တင်ပြသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုးနှင့် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးက သတ်မှတ်သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ် အနက် များရာတန်ဖိုး၊

- ★ ပြည်ပသို့တင်ပို့သည့် အထူးကုန်စည်ဖြစ်ပါက ပြည်ပသို့ သယ်ယူပို့ဆောင်ပေးမည့် ယာဉ်ပေါ်အရောက်တန်ဖိုး၊
- ★ ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိသည့် အခွန်မပေးဆောင်ရသေးသော အထူးကုန်စည် ဖြစ်ပါက စိစစ်တွေ့ရှိသည့်အချိန်၌ ရောင်းချနေသည့်တန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေး၊
- ★ အထက်အပိုဒ်ပါ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ခက်ခဲသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တွက်ချက်ရရှိသည့်တန်ဖိုး။

**အထူးကုန်စည်ခွန် ပေးဆောင်ခြင်း**

❖ ကျသင့်အထူးကုန်စည်ခွန်ကို အောက်ပါအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်-

- ➢ ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ကို ရွေးယူခြင်းမပြုမီ၊
- ➢ ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း၊
- ➢ ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် အထူးကုန်စည်များဖြစ်ပါက အထူးကုန်စည် ထုတ်လုပ်သည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း၊
- ➢ ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါက အထူးကုန်စည်ကို တင်ပို့သည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း၊
- ➢ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိရခြင်းဖြစ်ပါက စိစစ်တွေ့ရှိသည့်နေ့မှ ၇ ရက်အတွင်း။

**အထူးကုန်စည်ခွန် ခုနှိမ်ခြင်း**

❖ အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသူသည် မိမိထုတ်လုပ်သည့် အထူးကုန်စည်ရောင်းချမှုအပေါ် ကျသင့်သည့်အထူးကုန်စည်ခွန်မှ ယင်းအထူးကုန်စည် ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါ အထူးကုန်စည်ခွန်များကို ခုနှိမ်နိုင်သည်-

- ➢ ပြည်တွင်းသို့ ကိုယ်တိုင်ဝယ်ယူတင်သွင်းသော အထူးကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်၊
- ➢ ပြည်တွင်း၌ အထူးကုန်စည်ထုတ်လုပ်သူထံမှ တိုက်ရိုက်ဝယ်ယူသော အထူးကုန်စည်များအတွက် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်။

❖ အထူးကုန်စည်ကို ပြည်ပသို့တင်ပို့ရောင်းချသူသည် ပြည်ပသို့တင်ပို့ရောင်းချမှုအပေါ် ကျသင့်သည့် အထူးကုန်စည်ခွန်မှ ယင်းအထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ရောင်းချမှုလုပ်ငန်းအလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါ အထူးကုန်စည်ခွန်များကို ခုနှိမ်နိုင်ပါသည်-

- ပြည်တွင်းသို့ ကိုယ်တိုင်ဝယ်ယူတင်သွင်းသော အထူးကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုး အပေါ် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်၊
- ပြည်တွင်း၌ အထူးကုန်စည်ထုတ်လုပ်သူထံမှ တိုက်ရိုက်ဝယ်ယူသော အထူးကုန်စည်အတွက် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်။

**အထူးကုန်စည်ခွန် ခုနှိမ်ပေးသွင်းခြင်းဆိုင်ရာ သတ်မှတ်ချက်များ**

❖ အခွန်ခုနှိမ်ပေးသွင်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်-

- အထူးကုန်စည်ခွန် ခုနှိမ်ပေးသွင်းခွင့်ရှိသူများဖြစ်ကြသော အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသူနှင့် ပြည်ပသို့ တင်ပို့ရောင်းချသူတို့သည် အထူးကုန်စည်ခွန်ဆိုင်ရာ လုပ်ငန်းမှတ်ပုံတင်ပြီးသူများ ဖြစ်ရပါမည်၊
- အခွန်ခုနှိမ်ပေးသွင်းသူသည် သက်ဆိုင်ရာလများအတွက် ကျသင့်အခွန်မှ အခွန်ခုနှိမ်ခွင့်များ ခုနှိမ်ပြီး ကျန်ငွေကို ပေးသွင်းခြင်းဖြစ်ပါက သုံးလပတ်အလိုက် ကြေညာလွှာတင်သွင်းရာတွင် ခုနှိမ်ထားသည့် သတ်မှတ်ပုံစံ ပတခ(အထခ)-၀၅-၀၃ ကို ပူးတွဲ၍ မြို့နယ်အခွန်ဦးစီးဌာနမှူးထံ တင်သွင်းရမည်ဖြစ်ပါသည်။

**အထူးကုန်စည်ခွန် ခုနှိမ်ပေးသွင်းခြင်းဆိုင်ရာ သတ်မှတ်ပုံစံများ**

❖ ပြည်တွင်း၌ အထူးကုန်စည်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ပြည်ပသို့ တင်ပို့ရောင်းချမှုလုပ်ငန်း လုပ်ကိုင်ရန်-

- အထူးကုန်စည်ကို ပြည်တွင်းသို့ဝယ်ယူတင်သွင်းခြင်းဖြစ်ပါက တင်သွင်းသည့် အထူးကုန်စည်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို တင်သွင်းသူသည် သတ်မှတ်ပုံစံ ပတခ (အထခ)-၀၅-၀၂ ဖြင့် သက်သေခံလက်မှတ် နှစ်စောင်ပြုစု၍ မူရင်းခွဲကို မိမိနှင့်သက်ဆိုင်သည့် မြို့နယ် အခွန်ဦးစီးဌာနမှူးထံပေးပို့ပြီး မူရင်းကို လက်ခံအဖြစ် သိမ်းဆည်းထားရမည်ဖြစ်ပါသည်။
- အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသူထံမှ တိုက်ရိုက်ဝယ်ယူခြင်းဖြစ်ပါက အထူး ကုန်စည်ကိုထုတ်လုပ်ရောင်းချသူသည် သတ်မှတ်ပုံစံ ပတခ (အထခ)-၀၅-၀၁ ဖြင့် သက်သေခံ လက်မှတ်သုံးစောင်ပြုစု၍ မူရင်းကို ဝယ်ယူသူသို့လည်းကောင်း၊ မူရင်းခွဲတစ်စောင်ကို ဝယ်ယူ သူနှင့် သက်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးထံလည်းကောင်း ပေးပို့၍ ကျန်မူရင်းခွဲ တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားရမည်ဖြစ်ပါသည်။
- ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် သို့မဟုတ် ပြည်ပသို့တင်ပို့ရောင်းချသည့် အထူးကုန်စည် များအတွက်သာ အခွန်ခုနှိမ်ပေးသွင်းရန်ဖြစ်၍ ရောင်းချခြင်းမပြုရသေးသည့် အထူးကုန်စည် ကုန်လက်ကျန်များအတွက် ရောင်းချသည့်အချိန်တွင် အခွန်ခုနှိမ်ပေးသွင်းနိုင်ရေးအတွက် သတ်မှတ်ပုံစံ ပတခ(အထခ)-၀၅-၀၃ ဖြင့် ဖြည့်စွက်၍ ဆက်လက်သယ်ဆောင်ခွင့်ပြုမည် ဖြစ်ပါသည်။

**အထူးကုန်စည်ခွန် ခုနှိမ်ခွင့်မပြုသည့်ကိစ္စရပ်များ**

❖ ဆောင်ရွက်သည့်လုပ်ငန်း၏ ပုံသေပိုင်ပစ္စည်း သို့မဟုတ် မတည်အပိုင်ပစ္စည်းများအတွက် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်ကို ခုနှိမ်ခွင့်မပြုပါ။

❖ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချမှု သို့မဟုတ် ပြည်ပသို့တင်ပို့ရောင်းချမှုအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်ကိုခုနှိမ်ရာတွင် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်က ပိုသည့်ကိစ္စ၌ ခုနှိမ်ရန်ပိုနေသည့် အထူးကုန်စည်ခွန်ကို လုပ်ငန်း၏အသုံးစရိတ်အဖြစ် ဝင်ငွေခွန်တွက်ချက်ရာတွင် ခွင့်ပြုနုတ်ပယ်ပေးမည်ဖြစ်ပါသည်။

❖ ပျက်စီးဆုံးရှုံးသွားသည့် အထူးကုန်စည်များ၊ ရောင်းချခြင်းမပြုရသေးသည့် အထူးကုန်စည်များအတွက် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်ကို ခုနှိမ်ခွင့်မပြုပါ။

❖ လုပ်ငန်းမှတ်ပုံတင်ရရှိသူသည် အောက်ပါကိစ္စရပ်များတွင် အခွန်ခုနှိမ်ခွင့်မရှိစေရ-

- ➢ ပြည်တွင်းထုတ်လုပ်သူထံမှ တိုက်ရိုက်ဝယ်ယူသည့် သို့မဟုတ် ပြည်တွင်းသို့ ကိုယ်တိုင်တင်သွင်းထားသည့် အထူးကုန်စည်များအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားမှုမရှိခြင်း၊
- ➢ ပြည်တွင်းထုတ်လုပ်ရောင်းချသူထံမှ တိုက်ရိုက်ဝယ်ယူသည့်ကိစ္စတွင် ကျသင့်အထူးကုန်စည်ခွန်ကို ထုတ်လုပ်ရောင်းချသူက ပေးဆောင်ထားမှုမရှိသည်ကို စိစစ်တွေ့ရှိရခြင်း။

**ပြန်အမ်းခြင်း**

❖ အခွန်ထမ်း ပေးဆောင်ထားသည့် အခွန်ပမာဏသည် စည်းကြပ်သည့်ပမာဏ သို့မဟုတ် ပေးဆောင်ရန်တာဝန်ရှိသည့် ပမာဏထက်ကျော်လွန်နေလျှင် ယင်းပိုငွေကို တည်ဆဲဥပဒေနှင့်အညီ ပြန်အမ်းပေးမည်ဖြစ်ပြီး ယင်းသို့ပြန်အမ်းရာတွင်-

- ➢ အခွန်ထမ်း ပေးဆောင်ရမည့် စည်းကြပ်ပြီးသည့် အခွန်၊ အတိုး သို့မဟုတ် ဒဏ်ကြေးငွေများကို ဦးစွာခုနှိမ်ခြင်း၊
- ➢ ထို့အပြင် ကျန်ရှိသည့် ပြန်အမ်းငွေပမာဏမှ လာမည့် ၁၂ လ အတွင်း အခွန်ထမ်းပေးဆောင်ရမည့် အခွန်တာဝန်ကို ကြိုတင်ခွန်ပမာဏအဖြစ် ဆက်လက်ခုနှိမ်ခြင်း၊
- ➢ ပြန်အမ်းရန်ရှိသည့် ပမာဏအားလုံးကို အခွန်ထမ်းမှ ပြန်အမ်းငွေ လျှောက်ထားနိုင်ခြင်း၊
- ➢ ပြန်အမ်းငွေ သို့မဟုတ် ခုနှိမ်ခွင့်ကို စည်းကြပ်မှုနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာအခွန်ကာလကုန်ဆုံးပြီး ခြောက်နှစ်အတွင်း အခွန်ထမ်းက လျှောက်ထားတောင်းခံခြင်း သို့မဟုတ် ယင်းကာလအတွင်း ညွှန်ကြားရေးမှူးချုပ်က တွေ့ရှိဆောင်ရွက်ခြင်းဖြစ်မှသာ ခွင့်ပြုမည်ဖြစ်ပါသည်။

**အခြားသိသင့်သည့် အချက်များ**

❖ အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော အထူးကုန်စည်ခွန်ကို ပြန်လည်ပေးဆောင်ရမည်ဖြစ်ပါသည်။

❖ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိထက် မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုပါ။

❖ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသူအားလည်းကောင်း ဆုကြေးအဖြစ် ချီးမြှင့်မည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုပါ–

- ➢ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူနှင့် သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်သည့် အထူးကုန်စည်ထုတ်လုပ်သူတို့အပေါ် အထူးကုန်စည်ခွန် ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (စ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေများ၊
- ➢ ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူအပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဂ)အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

❖ အထူးကုန်စည်များကို ထုတ်လုပ်သူသည် နည်းဥပဒေများနှင့်အညီ သတ်မှတ်ထားသည့်အတိုင်း အထူးကုန်စည်များကို အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်း သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက ထုတ်ပေးသော ခွင့်ပြုချက် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိပါက လုပ်ငန်းဥပစာအတွင်းမှ ယင်းအထူးကုန်စည်များကို ရွှေ့ပြောင်းခြင်းမပြုရ။

❖ **အသေးစိတ်သိရှိလိုပါ က**အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်) အမှတ်(၁၂၈/၁၃၂)၊ ဒုတိယထပ်နှင့် တတိယထပ်၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ် ၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ် ၄၆၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၆၅ လမ်း၊ ၂၂×၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ ဖုန်းနံပါတ် ၀၂-၄၀၃၀၁၀၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော <u>www.ird.gov.mm</u> သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကို download ရယူနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**